မာတိကာ

၁။ပညာသယံဇာတ (ELEVEN)	၁
၂။ပညာဟူသည်မှာ (အတွေးသစ်)	၉
၃။ပညာ၏သဘောတရား (အတွေးသစ်)	၁၃
၄။ပညာ၏သဘောသဘာဝ (အတွေးသစ်)	၁၇
၅။ပညာ၏အဓိပ္ပာယ် (အတွေးသစ်)	၂၀
၆။ပညာ၏အတိမ်အနက် (အတွေးသစ်)	၂၅
၇။ပညာရှိဟူသည်မှာ (အတွေးသစ်)	၃၀
၈။ပညာရှိဖို့ (၁) (အတွေးသစ်)	၃၇
၉။ပညာရှိဖို့ (၂) (အတွေးသစ်)	၄၂
၁၀။ပညာရှိဖို့ (၃) (အတွေးသစ်)	၄၇
၁၁။ပညာရှိဖို့ (၄) (အတွေးသစ်)	၅၂
၁၂။ဉာဏ်ဟူသည်မှာ (အတွေးသစ်)	၅၇
၁၃။ဉာဏ်ကောင်းဖို့ (၁) (အတွေးသစ်)	၆၂
၁၄။ဉာဏ်ကောင်းဖို့ (၂) (အတွေးသစ်)	၆၇
၁၅။ဉာဏ်ကောင်းဖို့ (၃) (အတွေးသစ်)	၇၂
၁၆။ဉာဏ်ကောင်းဖို့ (၄) (အတွေးသစ်)	၇၇
၁၇။ပညာပါရမီ (၁) (အတွေးသစ်)	၈၁
၁၈။ပညာပါရမီ (၂) (အတွေးသစ်)	၈၆
၁၉။ပညာပါရမီ (၃) (အတွေးသစ်)	၉၃
၂၀။ဗာဟုသစ္စ သိပ္ပ (အတွေးသစ်)	၉၉
၂၁။ဘဝပညာ (ELEVEN)	၁၀၅
၂၂။ပစ္စက္ခပညာရေးစီး (အပယ်ရတနာ)	၁၁၂
၂၃။စိတ်ကူးယဉ် ခေတ်သစ်ပညာရေး (အပယ်ရတနာ)	၁၁၈
၂၄။သမ္မာဒိဋ္ဌိကထာ (အတွေးသစ်)	၁၂၅

ပညာသယံဇာတ

ကရုဏာသီတလဟဒယံ-မဟာကရုဏာတော်မြတ်ကြောင့် အေးမြသောစိတ်နှလုံးရှိတော်မူထသော၊ ပညာပဇ္ဇောတဝိဟတမောဟတမံ-ပညာတည်းဟူသောအလင်းရောင်ဖြင့် မောဟတည်းဟူသောအမိုက်မှောင်ကို ဖျက်ဆီးပယ်ရှားတော်မူတတ်ထသောဟု သီလက္ခန္ဓဝဂ္ဂအဌကထာ၊ ဂန္ထာရမ္ဘကထာ၊ ပဏာမ၌လာရှိသည့်အတိုင်း ဘုရားအဖြစ်သို့ရောက်အောင် ပို့ဆောင်ပေးသောအရာကား ကရုဏာနှင့်ပညာသာဖြစ်သည်။

လောက၌လည်း ကရုဏာနှင့်ပညာသာ အဓိကကျသည်၊ လောကကို ရုပ်ဆိုးကျည်းတန်အဖြစ်မျိုးမှ ကယ်တင်၍ လှပတင့်တယ်သောအနေအထားမျိုးသို့ရောက်အောင် ပို့ဆောင်ပေးနိုင်သောအရာကား ကရုဏာနှင့်ပညာသာဖြစ်သည်၊ ထိုနှစ်ပါးအနက် ယခု ဤစာအုပ်တွင် ပညာကို အကျယ်တဝင့်ပြပါမည်၊ ပညာဖြစ်၍ ပညာရှိခဲ့လျှင် ကရုဏာလည်း ပေါ်လာပါလိမ့်မည်။

လောက၌လည်း ပညာ၊ ဓမ္မ၌လည်း ပညာ၊ အရာရာ၌ ပညာသာ ပဓာနကျသည်၊ ပညာပါရမီရှိသူတို့သည် ကမ္မဇပညာ၊ ဇာတိပညာ၊ ပဋိသန္ဓေပညာပါရှိခဲ့ပြီးဖြစ်၍ ပညာသယံဇာတပိုင်ဆိုင်သူတို့ ဖြစ်ပါသည်၊ ပဝတ္တိအခါ၌ ဆည်းပူးအပ်သော အတတ်ပညာ၊ အသိပညာ၊ ဘဝပညာတို့လည်း မိမိသန္တာန်၌ မြုပ်နှံပြီးက ပညာသယံဇာတပင်ဖြစ်ပါသည်။

ဤစာအုပ်၌ ပညာကိုဖွင့်ဆိုရာတွင် စာရေးသူသည် အမရပူရ၊ မဟာဂန္ဓာရာမ်ကဖြစ်၍ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ အာဘော်တွေကတော့ အဓိကလွှမ်းလျှက်ရှိပါသည်၊ သို့ရာတွင် မင်းကွန်းဆရာတော်ဘုရားကြီး၏ ပါရမီအနုဒီပနီ ပညာပါရမီအခန်းလည်း ကောင်းမွန်သဖြင့် ထည့်သွင်းဖော်ပြထားပါသည်၊ ဆရာတော်နှစ်ပါးတို့၏အယူအဆ ကွဲပြားသယောင်ရှိသော်လည်း မင်းကွန်းဆရာတော်က အဘိဓမ္မာကို ပို၍အနုစိတ်ထားသည့် သဘောဖြစ်ပါသည်။

လောကနိဗ္ဗာန်သို့ ပို့ဆောင်ပေးနိုင်သောအရာကား ပညာသာဖြစ်ပါသည်၊ လောကုတ္တရာနိဗ္ဗာန်ကိုလည်း ပညာကသာ ပို့ဆောင်ပေးနိုင်သည်၊ လောကီလောကုတ်အရာရာမှာ ပညာသာပဓာနဖြစ်သည်၊ ပညာသယံဇာတကြွယ်ဝကြပါစေ. . .။

အရှင်သံဝရာလင်္ကာရ

ဓမ္မပိယဆရာတော်

၁၃၇၂ ခု၊ ဒုတိယဝါဆိုလပြည့်နေ့

(၂၆. ၇. ၂၀၁၀)